# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 26 , 2022 Volume 58, Number 18


**၂၆.၉.၂၀၂၂**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၆၄၀ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၂၁၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၀၃၄.၉ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၄၆၄.၆ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၂၆၁.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၈.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၃.၄၉ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၇၄၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၄၆.၉၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၅၆.၃၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၅.၅၄၈ ကျပ် |

Source: CBM Rate, etrademyanmar.com

## တရုတ်နိုင်ငံ၊ ဟိုင်နန်နှင့်ပေကျင်းတွင် RCEP Business Services Center ဖွင့်လှစ်



RCEP Business Services Center ဖွင့်ပွဲ အခမ်းအနားကို တရုတ်ပြည်သူ့သမ္မတ နိုင်ငံ၊ ဟိုင်နန်ပြည်နယ်၊ ဟိုက်ခိုမြို့၊ ဟိုင်နန် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဇုန်ရှိ၊ ညီလာခံခန်းမ၌ ၂၀၂၂ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့၊ နံနက်ပိုင်းတွင် Virtual စနစ်ဖြင့်ကျင်းပပြုလုပ်ရာ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ် ဒေါ်နေဒ်မူတာကပေါ် နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။

အခမ်းအနားအစီအစဉ်အရ တရုတ်နိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ အာရှရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် Mr.Guo Chunshui မှ အဖွင့်နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ညွှန်ကြားရေးမှူးချုပ်သည် တရုတ်–အာဆီယံဗဟိုဌာန၊ RCEP အဖွဲ့ဝင်နိုင်ငံများ၏ ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့များမှ တာဝန်ရှိသူများ၊ RCEP နိုင်ငံသံရုံး၊ ကောင်စစ်ဝန်ချုပ်ရုံးများမှ စီးပွားရေးသံမှူးများနှင့်အတူ ပါဝင်ဆွေးနွေးပြောကြားရာတွင် မြန်မာနိုင်ငံသည် RCEP သဘောတူညီချက်ကို ယခုနှစ်မေလတွင် စတင်အသက်ဝင်ခဲ့ကြောင်း၊ RCEP အဖွဲ့ဝင်အဖြစ် တရုတ်နိုင်ငံက ပထမဆုံး အသိအမှတ်ပြုခဲ့ခြင်းအပေါ် ကျေးဇူးတင်ရှိပါကြောင်းနှင့် RCEP မူဘောင်အောက်တွင် မြန်မာနိုင်ငံအနေဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့ပါသည်။

RCEP Business Services Center ကို ဟိုက်ခိုမြို့နှင့် ပေကျင်းမြို့တို့တွင် တာဝန်ရှိသူများ တပြိုင်နက် ဖွင့်လှစ်ပေးခဲ့ ပါသည်။ RCEP Business Services Center သည် တရုတ်နိုင်ငံ၊ ဟိုင်နန်ပြည်နယ်သို့ RCEP နိုင်ငံများမှ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအတွက် တရုတ်နိုင်ငံ၏ ပြတင်းပေါက်အဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပြီး RCEP နိုင်ငံများ၏ ထုတ်ကုန်များအတွက် ဈေးကွက်တစ်ခုအဖြစ် ဖန်တီးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိပါသည်။

Category: International News

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ


ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ပြည်တွင်း၌ ဘိလပ်မြေတန်ချိန် ခုနစ်သန်းမှ ကိုးသန်းအထိ ထုတ်လုပ်နေသော်လည်း လုံလောက်မှုမရှိသည့်အတွက် ပြည်ပမှ တန်ချိန်သုံးထောင်နီးပါး တင်သွင်းနေရ

ပြည်တွင်း ဘိလပ်မြေထုတ်လုပ်မှုများကို ပုဂ္ဂလိကပိုင်ဘိလပ်မြေ စက်ရုံ ၁၆ ရုံနှင့် နိုင်ငံပိုင်ဘိလပ်မြေ စက်ရုံသုံးရုံမှနေ၍ တစ်နှစ်လျှင် တန်ချိန်ခုနစ်သန်းမှ ကိုးသန်းအထိ ထုတ်လုပ်နေသော်လည်း လုံလောက်မှုမရှိသည့်အတွက် ပြည်ပမှတန်ချိန်သုံးထောင်နီးပါး တင်သွင်းနေရကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ သိရသည်။

လက်ရှိ မြန်မာနိုင်ငံအနေဖြင့် ဘိလပ်မြေကို ပြည်တွင်း၌ ထုတ်လုပ်နိုင်သည့်ပမာဏထက် ကျော်လွန်သုံးစွဲနေရသောကြောင့် ပြီးခဲ့သည့် ဩဂုတ်လအတွင်း ပြည်ပနိုင်ငံများမှ တန်ချိန် ၂၈၅၂ တန် တင်သွင်းခဲ့ရခြင်းဖြစ်ပြီး ယင်းအတွက် အမေရိကန်ဒေါ်လာ သုည ဒသမ ၂၇၂ သန်း သုံးစွဲခဲ့ရသည်ဟု ဆိုသည်။ ယခုကဲ့သို့ ဘိလပ်မြေတင်သွင်းရာတွင် နိုင်ငံခြားငွေသုံးစွဲမှု လျှော့ချရေးမူဝါဒကြောင့် ပင်လယ်ရေကြောင်း တစ်ခုတည်းမှသာ သယ်ယူတင်သွင်းခွင့်ပေးထားကြောင်းသိရသည်။

မြန်မာနိုင်ငံအတွင်း ဘိလပ်မြေလိုအပ်ချက်မှာ တစ်နှစ်လျှင် တန်ချိန် ၁၁ သန်းခန့်ရှိပြီး ပြည်ပမှ နှစ်စဉ်တန်ချိန် ၁ သန်းခန့် တင်သွင်းနေရကြောင်းသိရသည်။

**Source:** http://sdtimedaily.com/

## မြန်မာ့သနပ်ခါးကို အာဆီယံနိုင်ငံအချို့သို့ တင်ပို့သွားရန်အစီအစဉ်ရှိ

မြန်မာ့သနပ်ခါးကို အချောထည်များအဖြစ်ထုတ်လုပ်ပြီး အာဆီယံနိုင်ငံအချို့သို့ တင်ပို့သွားရန်အစီအစဉ်ရှိကြောင်း မြန်မာ့သနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရသည်။

လက်ရှိတွင် မြန်မာ့သနပ်ခါးမှာ ပြည်တွင်းဈေးကွက်၌ ရောင်းအားပုံမှန်ရှိပြီး ပြည်ပဈေးကွက်အနေဖြင့် တင်ပို့နိုင်ခြင်း မရှိသေးသော်လည်း နောက်ပိုင်းတွင် အာဆီယံနိုင်ငံများဖြစ်သည့် ဖိလစ်ပိုင်၊ မလေးရှားနှင့်အင်ဒိုနီးရှားနိုင်ငံများသို့ တင်ပို့သွားမည်ဖြစ်ကြောင်း သိရသည်။

ယင်းသို့ တင်ပို့ရာတွင် သနပ်ခါးကို အကြမ်းထည်အဖြစ် တင်ပို့၍မရသည့်အတွက် အချောထည်လိမ်း၍ရသည့် အဆင့်အထိထုတ်လုပ်ကာ ခရင်(မ်) ပုံစံမျိုးဖြင့် ပြည်ပသို့တင်ပို့မည်ဖြစ်ပြီး ယခင်ကမလေးရှားနိုင်ငံသို့ မြန်မာသနပ်ခါး ထုတ်ကုန်များ တင်ပို့ခဲ့ဖူးကြောင်း သိရသည်။

ထို့ပြင် လက်ရှိတွင် မြန်မာသနပ်ခါး စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းအနေဖြင့် မြန်မာ့သနပ်ခါးကို ယူနက်စကိုအသိအမှတ်ပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးကိုလည်း ပါဝင်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ပြည်တွင်း၌ သနပ်ခါးကို မြန်မာနိုင်ငံအလယ်ပိုင်း အရာတော်၊ မုံရွာ၊ ပခုက္ကူ၊ ရေစကြို၊ မြိုင်၊ ပေါက်စသည့် မြို့နယ်များတွင် အများဆုံးစိုက်ပျိုးပြီး ခန့်မှန်းစိုက်ဧက သုံးသိန်းဝန်းကျင်ခန့်ရှိကြောင်း သိရသည်။

သနပ်ခါးပင်များမှာ ခြောက်နှစ်မှ ခုနစ်နှစ်အတွင်း ဈေးကွက်သို့စတင်ဝင်ရောက်ပြီး သားတက်သနပ်ခါးခင်းများမှာ အပင်သက်တမ်း ငါးနှစ်မှခြောက်နှစ်အတွင်း စတင်ရောင်းချနိုင်ကာ အရည်အသွေးအကောင်းဆုံး သနပ်ခါးတစ်ပင်ရရှိရန် သက်တမ်း ၃၅ နှစ်ကြာမြင့်ကြောင်း သိရသည်။

Source: http://sdtimedaily.com/

## အိန္ဒိယဝယ်လိုအားကောင်းနေတာကြောင့် ပို့ကုန် မတ်ပဲနှင့်ပဲစင်းငုံ ဈေးကောင်းနေသော်လည်း အခြားပဲနှမ်းများ ဈေးအေးနေ

အိန္ဒိယဝယ်လိုအားကောင်းနေခြင်း၊ ဒေါ်လာငွေလဲလှယ်မှုနှုန်း မြင့်မားနေခြင်းတို့ကြောင့် ပို့ကုန်၊ မတ်ပဲနှင့်ပဲစင်းငုံမှာ ဈေးကောင်းအဝယ်လိုက်နေသော်လည်း ပြည်တွင်း ပဲ၊ နှမ်းများ ဈေးအေးနေကြောင်း ပဲ၊ နှမ်း ကုန်သည်များထံက သိရသည်။

အိန္ဒိယပို့ကုန်ပဲနှစ်မျိုး ဈေးကောင်းအဝယ်လိုက်နေရာ မတ်ပဲသုံးတင်းဝင်တစ်အိတ် ငွေကျပ်နှစ်သိန်းဝန်းကျင် ပေါက်ဈေးရှိနေပြီး၊ ပဲစင်းငုံမှာ တစ်အိတ်ငွေကျပ် ၂၀၅၀၀၀ ပေါက်ဈေးရှိပြီး လက်ကျန်ပစ္စည်းနည်းလာတာကြောင့် ဆက်လက်မြင့်တက်

နိုင်ကြောင်း တရုတ်ပို့ကုန်ပဲ၊ ပဲတီစိမ်းနှင့် မြေပဲဆန်မှာ ဈေးကျ၊ အဝယ်ရပ်နေပြီး၊ ပြည်တွင်းသုံး ကုလားပဲအုပ်စုနှင့် ပဲမာလိုင်းများမှာ ဈေးကျဆင်းမှုမရှိ အဝယ်အေးနေကြောင်း မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်သွင် (ရွှေစင်သိန်းပွဲရုံ)က ပြောသည်။

“ပို့ကုန်ပဲနှစ်မျိုးပဲ ဈေးကောင်းနေပါတယ်။ ပဲစင်းငုံ သုံးတင်းဝင်တစ်အိတ် ငွေကျပ် ၂၀၅၀၀၀ ပေါက်ဈေး၊ မတ်ပဲဈေးကတော့ ၁၉၅၀၀၀–၂၀၀၀၀၀ ပေါက်ဈေးရှိပါတယ်။ တရုတ်လိုင်းက ပဲတီစိမ်း၊ မြေပဲဆန်တို့မှာ ဈေးအေးနေတယ်။ အသစ်ဝင်မြေပဲဆန် ရှယ်စမှာ တစ်ပိဿာ ငွေကျပ် ၆၀၀၀ ခန့်သာ ပေါက်ဈေးရှိတယ်။ အသစ်ဝင်ရောက်မှု အနည်းအများနှင့် မဆိုင်ဘဲ တရုတ်ဝယ်လက်မရှိ ဖြစ်နေပါသည်။ ကုလားပဲအုပ်စုနဲ့ ပဲမာလိုင်းများလည်း ဈေးအေးနေပါတယ်။ ဈေးကျဆင်းမှုတော့မရှိပါဘူး။ ပဲဈေးကွက်တစ်ခုလုံးမှာ မတ်ပဲနှင့် ပဲစင်းငုံကလွဲ၍ ကျန်ပဲများဈေးအေးနေသည်။ ပဲစင်းငုံ၊ မတ်ပဲမှာ အိန္ဒိယဝယ်လိုအားကောင်းနေခြင်း ဒေါ်လာငွေလဲလှယ်မှု မြင့်မားနေခြင်းကြောင့် ဈေးကောင်းရရှိနေပါတယ်”ဟု ၎င်းကပြောသည်။

**မတ်ပဲ၊ ပဲတီစိမ်း၊ ပဲစင်းငုံ**

ပြည်တွင်းဒေါ်လာဈေး မတည်ငြိမ်မှုကြောင့် ဈေးအတက်အကျများခဲ့သော်လည်း အိန္ဒိယဝယ်လိုအား ကောင်းနေတာကြောင့် စက်တင်ဘာ ၂၂ ရက်နေ့တွင် မတ်ပဲတစ်အိတ် ကျပ် ၁၉၅၀၀၀–၂၀၀၀၀၀၊ ပဲစင်းငုံ တစ်အိတ်ငွေကျပ် ၂၀၅၀၀၀ ပေါက်ဈေးရှိနေပြီး ပစ္စည်းလက်ကျန်နည်းလာတာကြောင့် ဆက်လက်ဈေးမြင့်တက်နိုင်ကြောင်း ပို့ကုန်သမားများက သုံးသပ်ထားသည်။ တရုတ်ပို့ကုန် ပဲတီစိမ်းမှာ လမ်းပန်းဆက်သွယ်မှု အခက်အခဲများကြောင့် ဈေးကွက်တွင်း အဝယ်အေးနေပြီး ဈေးကျဆင်းနေရာ သုံးတင်းဝင်တစ်အိတ်လျှင် ကျပ် ၁၃၅၀၀၀–၁၅၅၀၀၀ သာ ပေါက်ဈေးရှိနေသည်။

**မြေပဲ**

အသစ်ဝင် မြေပဲဆန်များ ဈေးကွက်တွင်း အများအပြားဝင်ရောက်လာတာကြောင့် ဈေးအနည်းငယ်ကျဆင်းသွားပြီး တရုတ်လမ်းကြောင်းမှာလည်း အခက်အခဲရှိနေ၍ ဝယ်ယူမှုအေးသွားပြီး မြေပဲဆန်ဈေး အနည်းငယ်ကျဆင်းသွားရာ ပို့ကုန်မြေပဲ S1 လုံးဆန်များမှာ တစ်ပိဿာလျှင် ငွေကျပ် ၆၁၀၀ ၊ အနီလုံးဆန် တစ်ပိဿာလျှင် ငွေကျပ် ၆၁၀၀ အထိ တစ်ပိဿာ ကျပ် ၄၀၀ ခန့် ကျဆင်းသွားသည်။ မြေပဲဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၄၅၀၀၊ နှမ်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၁၁၀၀၀၊ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၉၀၀၀ အောက် ကျဆင်းသွားကြောင်းသိရသည်။

ပို့ကုန်ပဲနှစ်မျိုးသာ ဈေးကောင်းအဝယ်သွက်နေပြီး ပြည်တွင်းသုံးပဲများမှာ ဈေးကျဆင်းမှုမရှိသော်လည်း အရောင်းအဝယ်အေးနေရာ စက်တင်ဘာ ၂၁ ရက်တွင် ကုလားပဲတစ်အိတ်လျှင် ငွေကျပ် ၁၉၅၀၀၀၊ ပဲယင်းတစ်အိတ်လျှင် ငွေကျပ် ၁၆၀၀၀၀၊ ပဲကြီးတစ်အိတ်လျှင် ငွေကျပ် ၂၆၀၀၀၀၊ ပဲထောပတ်တစ်အိတ်လျှင် ငွေကျပ် ၁၇၃၀၀၀၊ စွန်တာပြာ တစ်အိတ်လျှင် ငွေကျပ် ၁၅၅၀၀၀၊ မြေထောက်ပဲတစ်အိတ်လျှင် ငွေကျပ် ၂၇၀၀၀၀၊ ကွန်းစားတော်ပဲ တစ်အိတ်လျှင် ငွေကျပ် ၄၁၀၀၀၀ ပေါက်ဈေးဖြစ်နေသည်။

**ဤဆောင်းပါးကို မကွေးဂျာနယ် မှကူးယူဖော်ပြပါသည်။**

**Source: [https://t.me/htwettoe](https://t.me/htwettoe)**

## ပြည်တွင်းဆန်ဈေးကွက်တည်ငြိမ်နေပြီး လက်ရှိထက်ဈေးကျရန် အလားအလာနည်း




ဆန်ဈေးကွက်တွင် ပြည်တွင်းစားသုံးသည့် ဆန်ဟောင်းများမှာ အမြင့်ဈေးတန်းတွင် တည်ငြိမ်နေပြီး အရောင်းအဝယ် ထိုင်းလျှက်ရှိရာ လာမည့်လများ၌ ဆန်သစ်ပေါ်သော်လည်း ဆန်ဟောင်းဈေးကျရန် အလားအလာနည်းပါးသည်ဟု ဆန်ကုန်သည် ဦးပိန်းကြိုင်က သုံးသပ်ပြောကြားသည်။

လာမည့် နိုဝင်ဘာနှင့်ဒီဇင်ဘာလများတွင် ဆန်ဈေးကွက်တွင် ဆန်ဟောင်းများ အရောင်းအဝယ်ပြန်သွက်လာနိုင်ပြီး ဈေးတန်းမြင့်တက်လျှင်လည်း အနည်းငယ်သာ မြင့်တက်နိုင်သည်ဟုဆိုသည်။

ဆန်ဈေးက အမြင့်ဈေးမှာနေတယ်။ ရှေ့ပိုင်းမှာဝယ်ထားတာတွေရှိလို့ပါ။ ဆန်အသစ် ပေါ်လာတဲ့ဈေးကြောင့် ဆန်ဟောင်းကမကျနိုင်ဘူး။ အဟောင်းကလည်း ၉ လနဲ့ ၁၀ လပိုင်းဆိုကုန်ပြီ။ ဆန်ဟောင်းရောင်း ကောင်းမယ်။ ဈေးတက်ရင်လည်း ပါးပါးပဲဖြစ်နိုင်တယ်။ ဆန်သစ်ဈေးကထောက်ထားလို့ ဈေးတက်ဖို့အခြေအနေနည်းပါ တယ်ဟု ၎င်းကပြောသည်။

ကမ္ဘာ့ဆန်ဈေးကွက်သို့ ၄၀ ရာခိုင်နှုန်းခန့် တင်ပို့သည့် အိန္ဒိယနိုင်ငံသည် ၎င်းတို့နိုင်ငံ၏ စားသုံးမှုဖူလုံရန် ဆန်၊ ဆန်ကွဲပြည်ပတင်ပို့မှု ရပ်ဆိုင်းလိုက်ခြင်းကြောင့် ဆန်ဝယ်ယူမှုမှာ မြန်မာနိုင်ငံဘက်သို့ ရောက်ရှိလာမည်ဖြစ်၍ ဝယ်လိုအား ကောင်းလာမည်ဖြစ်ကြောင်း၊ Export တင်ပို့သော ဆန်များမှာ ပြည်တွင်းစားသုံးမှု ဆန်ဈေးကွက်ပေါ် သက်ရောက်မှု နည်းပါးကာ ဖူလုံမှုရှိသောကြောင့် Export ဈေးကောင်းရပါက တောင်သူများအတွက် အဆင်ပြေမည်ဖြစ်ကြောင်းသိရသည်။

တရုတ်က အိန္ဒိယကနေ ဆန်အများကြီးဝယ်တယ်။ အိန္ဒိယက မရောင်းတော့ရင် မြန်မာဘက်ကနေ ပိုပြီးဝယ်လာနိုင် သလို ဗီယက်နမ်၊ ထိုင်းဘက်ကနေ ဝယ်ရတော့မယ်။ ဗီယက်နမ်နှင့်ထိုင်းကလည်း ပြည်ပတင်ပို့မှု ဆန်ဈေးနှုန်းမြှင့်ဖို့ ဆွေးနွေးနေတယ်ဆိုတော့ ကမ္ဘာ့ဆန်ဈေးကွက် မြင့်တက်လာနိုင်တယ်ဟု ဆက်လက်ပြောကြားသည်။

ပြည်တွင်း၌ ယခုနှစ်တွင် ဆန်အထွက်နှုန်းလျော့နည်းနိုင်ပြီး ကမ္ဘာ့ဆန်ဝယ်လိုအားများလာခြင်းကြောင့် ဆန်ဈေးကွက် တွင် အကျဘက်ထက် လက်ရှိအမြင့်ဈေးတန်းအတိုင်းသာရှိနိုင်ပြီး ဈေးတက်လာလျှင်လည်း အနည်းငယ်သာဖြစ်နိုင်သည်ဟု ဆိုသည်။

**ဤဆောင်းပါးနှင့်ပုံအား မကွေးဂျာနယ်မှ ကူးယူဖော်ပြပါသည်။**

**Source:** https://t.me/htwettoe

## တိရစ္ဆာန်အရှင်များအတွက် ကောင်းမွန်သော ပို့ဆောင်မှုအခြေအနေများ စီစဉ်ပေးထားရန် အီးယူတောင်းဆို

သက်ရှိတိရစ္ဆာန် အရှင်များကို နယ်စပ်ဖြတ်ကျော် ကုန်သွယ်မှုများမှာ တားမြစ်ပိတ်ပင်မှုများ ပေါ်ပေါက်နေသဖြင့် ကျွဲ၊ နွားနှင့် ဝက်ကဲ့သို့သော သက်ရှိတိရစ္ဆာန်အရှင်များအတွက် ပိုမိုကောင်းမွန်သော ပို့ဆောင်မှုအခြေအနေများ စီစဉ်ပေးထားရန် ဥရောပသမဂ္ဂ အစားအစာစောင့်ကြည့်ရေးအဖွဲ့က တောင်းဆိုခဲ့ပါတယ်။

ကမ္ဘာတစ်ဝှမ်းတွင် တစ်နှစ်လျှင် သက်ရှိတိရိစ္ဆာန်အရှင် ဒေါ်လာ ၂၂ ဘီလီယံခန့်တင်ပို့နေပြီး အီးယူသည် အကြီးမားဆုံး တင်ပို့သူဖြစ်ပါတယ်။

တိရစ္ဆာန်တွေ သက်သောင့်သက်သာရှိနေစေရေးကို မြှင့်တင်ပေးဖို့နှင့် တိရစ္ဆာန်များထံမှ ရောဂါဘယတွေ လူများကို ကူးစက်နိုင်တဲ့ အန္တရာယ်တွေကိုလျှော့ချပေးဖို့ တောင်းဆိုမှုတွေ တိုးလာနေပါတယ်။ အထူးသဖြင့် မကြာသေးမီနှစ်များအတွင်း မတော်တဆမှုများ ဆက်တိုက်ဖြစ်ပွားပြီးနောက် တိရစ္ဆာန် ထောင်ပေါင်းများစွာ သေဆုံးခဲ့ရတဲ့အတွက် တောင်းဆိုသံများ အသံပိုကျယ်လာခဲ့ပါတယ်။

ဥရောပကော်မရှင် European Commission ထံ အကြံပြုချက်တွင် ဥရောပစားနပ်ရိက္ခာဘေးကင်းရေးအာဏာပိုင်အဖွဲ့ European Food Safety Authority EFSA က တိရိစ္ဆာန်များသည် စိတ်ဖိစီးမှုလျှော့ချရန် နေရာပိုကျယ်ကျယ်ဖြင့်ထားပေးဖို့ လိုအပ်ကြောင်း ပြောကြားခဲ့ပါတယ်။

ကျွဲ၊ နွားနှင့် ဝက်အများစုကို လက်ရှိကန့်သတ်ထားသော အများဆုံးခွင့်ပြုအပူချိန် ၃၀ ဒီဂရီစင်တီဂရိတ် (၈၆ ဒီဂရီ ဖာရင်ဟိုက်) အောက်တွင် ပို့ဆောင်သင့်တယ်လို့ EFSA က တိုက်တွန်းထားပါတယ်။ သက်ရှိတိရစ္ဆာန်အရှင်များကို ရေကြောင်းမှ သင်္ဘောဖြင့်ပေးပို့ကြရာတွင် သေဆုံးမှုများ ဖြစ်ပွားခဲ့တဲ့အတွက် ပိုဂရုစိုက်ကြဖို့ လိုအပ်နေကြောင်း EFSA က ပြောကြားပါတယ်။

၂၀၂၀ ပြည့်နှစ် အနှောင်းပိုင်းတွင် စပိန်မှထွက်ခွာသွားသော သင်္ဘောတစ်စင်းပေါ်မှာ နွားအကောင်ရေ ၁၈၀၀ ခန့် အစာငတ်ပြီး သေဆုံးခဲ့ကြသည်။ ကိုဗစ်အသွားအလာ ပိတ်ပင်ကန့်သတ်ချက်ကြောင့် သင်္ဘောကမ်းကပ်ပြီး နွားများကို ချခွင့်ရဖို့စောင့်နေရစဉ် အစာရေစာပြတ်လပ်ပြီး အစာငတ်သေဆုံးခဲ့ကြရသည်။

၂၀၁၉ ခုနှစ်တွင် ရိုမေးနီးယားမှာ သင်္ဘောနစ်မြုပ်ပြီးနောက် သိုးကောင်ရေ ၁၄,၀၀၀ နစ်မြုပ်သေဆုံးခဲ့ကြသည်။ သက်ရှိ

တိရစ္ဆာန်အရှင်များ သယ်ယူပို့ဆောင်ရေးကို လုံးဝကန့်သတ်ခြင်း သို့မဟုတ် ရပ်တန့်သွားကြသည့်နိုင်ငံများ ပိုများလာနေသည်။ နယူးဇီလန်က သက်ရှိတိရစ္ဆာန်အရှင်များ သယ်ယူပို့ဆောင်ခြင်းများကိုလျှော့ချနေပြီး ၂၀၂၃ ခုနှစ်တွင် လုံးဝရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ ယူကေကလည်း ရပ်ဆိုင်းမည်ဟု ကတိပေးထားသည်။

အီးယူသည် ၂၀၂၀ ခုနှစ်တွင် တိရစ္ဆာန်အရှင်အကောင်ရေ ၁.၄၆ ဘီလီယံတင်ပို့ခဲ့ပြီး ကမ္ဘာ့တိရစ္ဆာန်အရှင်တင်ပို့မှုစုစုပေါင်း၏ ၈၁% ရှိကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့၏ အချက်အလက်များအရ သိရသည်။

Source: gcaptain

# Myanmar Food Industry Guide

## မြန်မာနှင့်ဘင်္ဂလားဒေ့ရှ် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး




မြန်မာနိုင်ငံနှင့်ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား G to G စနစ်ဖြင့် ဆန်ရောင်းဝယ်နိုင်ရေးအတွက် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာကို ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စားနပ်ရိက္ခာဝန်ကြီးဌာနဝန်ကြီးတို့မှ လက်မှတ်ရေးထိုးခဲ့ကြသည်။

နားလည်မှုစာချွန်လွှာအရ ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် မြန်မာနိုင်ငံမှ နှစ်စဉ် ဆန်ဖြူတန်ချိန် (၂၅၀,၀၀၀) နှင့် ပေါင်းဆန်တန်ချိန် (၅၀,၀၀၀) အား ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလမှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအထိ ဝယ်ယူရန် သဘောတူညီခဲ့ကြသည်။

နားလည်မှုစာချွန်လွှာအရ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ စားနပ်ရိက္ခာဝန်ကြီးဌာန၊ စားနပ်ရိက္ခာညွှန်ကြားမှုဦးစီးဌာနတို့အကြား Sales Contract များချုပ်ဆို၍ မြန်မာနိုင်ငံမှ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ ပထမအကြိမ်အဖြစ် ဆန်တန်ချိန် (၁) သိန်းအား ၂၀၁၇ ခုနှစ်တွင်လည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ဆန်တန်ချိန် (၁) သိန်းအား ၂၀၂၁ ခုနှစ်တွင်လည်းကောင်း တင်ပို့ရောင်းချခဲ့သည်။

တတိယအကြိမ်အဖြစ် မြန်မာနိုင်ငံမှ ဆန်ဖြူတန်ချိန် (၂၀၀,၀၀၀) အား ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ တင်ပို့သွားနိုင်ရေးအတွက် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ Ministry of Food, Directorate General of Food နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့အကြား ဆန်ရောင်းဝယ်မှုဆိုင်ရာ သဘောတူစာချုပ်အား ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ (၈) ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

၂၀၁၇ ခုနှစ်တွင် လက်မှတ်ရေးထိုးဆောင်ရွက်ခဲ့သည့် ဆန်ကုန်သွယ်မှုဆိုင်ရာနားလည်မှုစာချွန်လွှာသည် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလတွင် သက်တမ်းကုန်ဆုံးမည်ဖြစ်၍ နောက်ထပ်(၅)နှစ် သက်တမ်းတိုးမြှင့်မည့် ဆန်ကုန်သွယ်မှုဆိုင်ရာ နားလည်မှုစာချွန်လွှာအား နှစ်ဖက်ဝန်ကြီးများမှ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလအတွင်း လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်လျှက်ရှိကြောင်းသိရသည်။

**Source: စီးပွားကူးသန်း**

**# Myanmar FoodIndustry Guide**

# STOCK EXCHANGE (26.9.2022)

## Stock trading data

As of 26th Sep. 2022

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,500 | +0 | +0.00% | 9,500 | 9,600 | 9,300 | 587 | 5,467,400 | 33,109,694 | 314,542 |
| MTSH | 00002 | 3,500 | -50 | -1.41% | 3,550 | 3,650 | 3,350 | 13,687 | 47,581,050 | 38,929,150 | 136,252 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 20,000 | +0 | +0.00% | 20,000 | 20,000 | 20,000 | 176 | 3,520,000 | 2,472,053 | 49,441 |
| TMH | 00005 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 0 | 0 | 12,823,224 | 36,546 |
| EFR | 00006 | 2,700 | +0 | +0.00% | 2,700 | 2,700 | 2,700 | 367 | 990,900 | 19,977,223 | 53,939 |
| AMATA | 00007 | 5,400 | +0 | +0.00% | 5,400 | 5,400 | 5,400 | 0 | 0 | 10,497,598 | 56,687 |

## Market summary

As of 26th Sep. 2022

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 418.79 | -1.12 | -0.27% | 419.91 | 422.93 | 413.86 | 14,817 | 57,559,350 | 7 | 728,535 |

### Index chart




## Market Overview

### Main Board

As of 1:00 pm, 26th Sep. 2022

| MYANPIX | 418.79 ▼ 1.12 |
|---|---|
| Total Volume (shares) | 14,817 |
| Total Value (MMK) | 58 mil |
| Listed Company | 7 |
| Market Cap. (MMK) | 728,535 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,500 | ▲ 0 |
| MTSH | 00002 | 3,500 | ▼ 50 |
| MCB | 00003 | 7,800 | ▲ 0 |
| FPB | 00004 | 20,000 | ▲ 0 |
| TMH | 00005 | 2,850 | ▲ 0 |
| EFR | 00006 | 2,700 | ▲ 0 |
| AMATA | 00007 | 5,400 | ▲ 0 |